**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (062/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၆၂/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဧပြီလ (၂) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ခေါင်းဆောင် အငြိမ်းစားဗိုလ်ချုပ်ကြီး ဦးသိန်းစိန်၏ မြန်မာနိုင်ငံ သမ္မတသစ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ လွှတ်တော် နာယကများ၊ လွှတ်တော်အမတ်များလည်း တက်ရောက်ခဲ့ကြသည်။ (Mizzima 300311) Read More...
- သမ္မတသစ် ဦးသိန်းစိန် ဦးဆောင်သော အစိုးရသစ် အဖွဲ့ထံသို့ နအဖ စစ်အစိုးရ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အမိန့်ဖြင့် နိုင်ငံတော်အာဏာ အရပ်ရပ်ကို လွှဲပြောင်းလိုက်ကြောင်း၊ အာဏာလွှဲပြောင်း လိုက်ချိန်မှစ၍ နအဖ အစိုးရအဖွဲ့သည် ဗဟို၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်မှ ရပ်ကွက်၊ ကျေးရွာ အဆင့်အထိ ဖျက်သိမ်းသွားသည်ဟု MRTV-4 ရုပ်သံမှ မတ်လ ၃၀ ရက်နေ့ နေ့လယ်ပိုင်းက ကြေညာခဲ့သည်။ (Irrawaddy 300311) Read More..., RFA...
- တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဖြစ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်ကို ခန့်အပ်လိုက်ပြီး ဝန်ကြီးဌာနများနှင့်သက်ဆိုင်ရာဝန်ကြီးများကိုလည်း သမ္မတဦးသိန်းစိန်က မတ်လ ၃၀ ရက်နေ့တွင် ကြေညာလိုက်သည်။ (Mizzima 300311) Read More...
- မြန်မာနိုင်ငံ သမ္မတသစ် ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်တွင် မတ်လ ၃၀ ရက်နေ့က ပထမဆုံးပြောကြားသော မိန့်ခွန်းတွင် စစ်တပ်အင်အား တောင့်တင်းအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း အလေးထားပြောကြားသွားခဲ့သည်။ (Mizzima 300311) Read More...
- ၂၂ နှစ်အတွင်း မြန်မာပြည်တွင် ပထမဆုံးဖြစ်လာသော သမ္မတဦးသိန်းစိန်နှင့် ဒုသမ္မတများ ပြည်ထောင်စုလွှတ်တော်တွင် မတ်လ ၃၀ ရက်နေ့က ကျမ်းသစ္စာကျိန်ဆိုမှုပြုရာတွင် လွဲချော်မှုများဖြစ်ခဲ့ကြောင်း ပြည်သူ့လွှတ်တော် အမတ်များက ပြောသည်။ (Mizzima 300311) Read More...
- သမ္မတ ဦးသိန်းစိန် ခန့်အပ်ပေးသည့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်မှ ရွေးချယ်ခန့်အပ်သည့် ရွေးကောက်ပွဲအနိုင်ရ အမတ်များဖြစ်သော သျှမ်းပြည်ဝန်ကြီးချုပ်၊ ဝန်ကြီးဌာနဝန်ကြီးများ တာဝန်ထမ်းဆောင်နိုင်ရန် အတွက် ရပခ တိုင်းမှူးမှ အာဏာအပ်နှင်းခဲ့ကြောင်း နိုင်ငံရေးပါတီ အသိုင်းအဝိုင်းမှပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (S.H.A.N 300311) Read More...
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မူဝါဒလမ်းစဉ်များကို လက်မခံနိုင်ကြသည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ဥပဒေဘောင်ထဲမှတဆင့် ဖွဲ့စည်းပုံများကို

ပြင်ဆင်နိုင်အောင် ကြိုးစားရန် ကျမ်းသစ္စာကျိန်ဆိုအပြီး သမ္မတသစ် ဦးသိန်းစိန်က ၎င်း၏ပထမဆုံးမိန့်ခွန်းထဲတွင် ပြောကြားလိုက်သည်။ (DVB 300311) Read More...

- မွန်ပြည်နယ်အစိုးရ ဝန်ကြီးများနှင့် ၎င်းတို့တာဝန်ထမ်းဆောင်ကြမည့် ဝန်ကြီးဌာနစာရင်းကို သမ္မတသစ် ဦးသိန်းစိန်က မတ်လ ၃၀ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့သည်။ (Kaowao 310311) Read More...
- ရခိုင်ပြည်နယ်၏ ဝန်ကြီးဌာန ၉ ခုနှင့် ဝန်ကြီးများ စာရင်းကို မြန်မာနိုင်ငံ သမ္မတသစ် ဦးသိန်းစိန်က မတ်လ ၃၀ ရက်နေ့တွင် ကျေညာခဲ့သည်။ (Narinjara 310311) Read More ...
- တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော စာနယ်ဇင်းအခန်းကဏ္ဍကို အလေးထားရန်နှင့် မချမ်းသာသေးသည့် တိုင်းပြည်ဖြစ်နေသောကြောင့် အစိုးရအဖွဲ့သစ် အဖွဲ့ဝင်များအနေဖြင့် ပြဌာန်းထားသည့် လစာများကို မခံစားကြသေးဘဲ ယခင်လစာများအတိုင်းသာ ခံစားကြရန် မတ်လ ၃၀ရက်နေ့တွင် မြန်မာနိုင်ငံသမ္မတသစ် ဦးသိန်းစိန်က ပြောကြားလိုက်သည်။ (DVB 310311) Read More...
- မတ်လ ၃၀ ရက်နေ့က ဖွဲ့စည်းလိုက်သည့် သျှမ်းပြည်နယ် အစိုးရအဖွဲ့တွင် အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးအဖြစ်ခန့်အပ်တာဝန် ပေးခံရသည့် ဦးဝင်းမြင့်က ၎င်းတို့အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၇၅ ရာခိုင်နှုန်းခန့် လုပ်ဆောင်နိုင်လိမ့်မည်ဟု ပြောကြားလိုက်သည်။ (DVB 310311) Read More...
- သမ္မတသစ် ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ်ထံ မတ်လ ၃၀ ရက်နေ့က အာဏာလွှဲပြောင်းပြီးနောက် ထိပ်ပိုင်း မြန်မာ စစ်အရာရှိရာထူးနေရာ ပြောင်းရွှေ့မှုများ ဆက်တိုက်ပြုလုပ်နေကြောင်း နေပြည်တော်စစ်ရုံးချုပ်နှင့်နီးစပ်သည့် သတင်းရပ်ကွက်က ဆိုသည်။ (S.H.A.N 010411) Read More...

## လွှတ်တော်အဆင့်ဆင့်

- အရှေ့တောင်အာရှ လွှတ်တော်အမတ်များ အစည်းဝေးသို့ ၂၀၁၀ လွှတ်တော်အမတ်များ တက်ရောက်ခွင့်ရရေးအဆိုကို မတ်လ ၂၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက အတည်ပြုပေးလိုက်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ဦးခိုင်မောင်ရည်က ပြောသည်။ (Mizzima 280311) Read More...
- အာဆီယံ ပါလီမန်အမတ်များ၏ လွှတ်တော်တွင် မြန်မာလွှတ်တော်အမတ်များ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလိုက်သည်ဟု အမတ်တစ်ဦးဖြစ်သူ ဦးဘုန်းမြင့်အောင်က ပြောသည်။ (RFA 280311) Read More...
- စစ်အစိုးရသည် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းအပါအဝင် ချီဖွေ၊ ချီဖွေငယ်၊ ဝူဆောက်၊ ခေါင်လန်ဖူး၊ ယီနန်၊ ဖီဇော၊ လိုင်ဇာ စသည့် ရေအား လျှပ်စစ်စီမံကိန်းများကို ၂၀၁၉ ခုနှစ်အပြီး ဆက်တိုက် တည်ဆောက်သွားရန်ရှိသည့်အတွက် မြစ်ဆုံအထက်ဖက်မှ ကျေးရွာများကို ဆက်လက် ပြောင်းရွှေ့ရန် စီစဉ်နေသည်ဟု အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဇော်မင်းက လွှတ်တော်အစည်း အဝေးတွင် ပြောသည်။ (RFA 290311) Read More...

## တပ်မတော်၏လုပ်ဆောင်ချက်များ

- ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မကြာမီပေါ်ပေါက်လာမည့် အစိုးရအဖွဲ့သစ်အတွက် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သစ်အဖြစ် လက်ရှိ အထူးစစ်ဆင်ရေးအဖွဲ့ (၆) အဖွဲ့မှူးဖြစ်သူ စစ်တက္ကသိုလ်အပတ်စဉ် ၂၂ ဆင်း ဗိုလ်ချုပ်စိုးဝင်းကို ရွေးချယ်လိုက်ပြီဟု နေပြည်တော် စစ်ရုံးချုပ်နှင့်နီးစပ်သူများက ပြောသည်။ (RFA 280311) Read More...
- သံလွင်အရှေ့ခြမ်းရှိ သျှမ်းပြည်တပ်မတော်နှင့် ကရင်တပ်ဖွဲ့ ရာချီစစ်အင်အား သံလွင်အနောက်ခြမ်းသို့ အင်အားဖြည့်မည့်သတင်းကြောင့် နအဖစစ်တပ်များ စစ်ယဉ်တန်းကား ၁၆ စီးဖြင့် သံလွင်အရှေ့ခြမ်းသို့ မတ်လ၂၆၊ ၂၇ရက်နေ့တွင် ထပ်မံပို့လွှတ်လိုက်သည်ဟု အမည်မဖော်လိုသည့် မိုင်းတုံဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 290311) Read More...
- ချင်းပြည်နယ်တောင်းပိုင်း ပလက်ဝမြို့နယ် ရှင်းလက်ဝ တပ်စခန်းတွင် အခြေစိုက်နေသည့် နအဖ ခလရ (၅၅ ) မှ တာဝန်ခံ တပ်ကြပ် အောင်ဝင်းခိုင်နှင့် အဖွဲ့သည် စီအဲန်အေကြောင့် ကျဆုံးသွားသည့် ၎င်းတို့၏ ရဲဘော်နှင့် ဒဏ်ရာရသူများကို အစားထိုးရန် ဆင်အိုးဝရွာသား ချင်းလူငယ် မောင်းဘသန်း (၁၇) နှစ်နှင့် မောင်အောင်ကျော်လ (၁၈)နှစ် ၎င်းတို့နှစ်ဦးကို

မတ်လ ဒုတိယပတ်တွင် ဖမ်းဆီးလိုက်သည်ဟု ဆင်အိုးဝ ရွာသားတစ်ဦးက ပြောသည်။ (Khonumthung 290311) Read More...

- ချင်းပြည်နယ်တွင် စစ်မှုမထမ်းမနေရဥပဒေကို အကောင်အထည်ဖော်ရန် စတင်ပြင်ဆင်မှုအနေဖြင့် ဖလမ်းမြို့နယ်၊ တွန်းဇံမြို့နယ်၊ ကျီးခါးမြို့နယ်နှင့် တီးတိန်မြို့နယ်များရှိ မြို့နယ်အာဏာပိုင်များနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ စစ်ကြောင်းမှူးများ ကိုယ်တိုင် ဒေသခံများကို လိုက်လံစည်းရုံးမှုများ ပြုလုပ်နေသည်ဟု တီးတိန်မြို့ခံတစ်ဦးက ပြောသည်။ (DVB 300311) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တော်လှန်ရေးအောင်မြင်ရန် ပြည်သူလူထုအများစုက ညီညီညွတ်ညွတ်၊ စိတ်အားသန်သန် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မတ်လ (၂၇) ရက်နေ့တွင် ကျရောက်သည့် (၆၆) နှစ်မြောက် ဖက်ဆစ် တော်လှန်ရေးနေ့၌ ပြောကြားလိုက်သည်။ (RFA 270311) Read More..., DVB...
- ကချင်တမျိုးသားလုံးဆိုင်ရာ ကျောင်းသားလူငယ်များ သမဂ္ဂ (AKSYU) က နှစ်နှစ်တစ်ကြိမ်ပြုလုပ်သော ညီလာခံတွင် ကချင်ပြည်နယ်အတွင်း စစ်ဖြစ်လာမည်ကို မလိုလားကြောင်းနှင့် စစ်ရေးအရဖြေရှင်းနည်းကို ကန့်ကွက်ကြောင်း (AKSYU) ဥက္ကဋ္ဌ လီယိုနာဒ်က ပြောကြားလိုက်သည်။ (KNG 280311) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေနှင့်မိုင်းလင်းဒေသရှိ ငလျင်ဒဏ်ခံပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ရန် ပြည်နယ်နှင့်တိုင်း၊ မြို့နယ်အဆင့် တာဝန်ရှိသူများကို အကြောင်းကြားထားပြီး ရှမ်းပြည်နယ်အဖွဲ့ချုပ်ကလည်း ငွေကြေးကူညီထောက်ပံ့ရန် ဆောင်ရွက်နေပြီဟု အဖွဲ့ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (DVB 280311) Read More...
- ရောဝတီသတင်းဌာနသို့ အိတ်ဖွင့်ပေးစာဆို၍ ဒေါ်အောင်ဆန်းစုကြည်၏ လက်မှတ်ဖြင့် အင်တာနက် အီးမေးလ်များမှတဆင့် ဖြန့်ဝေနေသည့် စာသည်၊ အစစ်အမှန်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မတ်လ ၂၉ ရက်နေ့တွင် ငြင်းဆိုလိုက်သည်။ (RFA 290311) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် မြန်မာပြည်သူများရင်ဆိုင်နေရသည့် သဘာဝဘေးဒဏ်များအတွက် ကူညီကယ် ဆယ်ရေးလုပ်ငန်းများကို ဆက်တိုက်လုပ်ဆောင်လျက်ရှိကြောင်း ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 290311) Read More...
- တပ်မတော်သားများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ရန် စည်းရုံးလှုံ့ဆော်မှုအဖြစ် မတ်လ ၂၄၊ ၂၅ ရက်နေ့ တွင် ရန်ကုန်မြို့လယ်ရှိ လူစည်းကားသည့်နေရာများတွင် စစ်အာဏာရှင်ဆန့်ကျင်ရေး လှုံ့ဆော်သောစာရွက်စာတမ်းကို ရန်ကုန်တိုင်း ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူများအင်အားစုဟု အမည်ပေးထားသည့် လူငယ်များက ဖြန့်ဝေကြဲချခဲ့သည်ဟု အဖွဲ့ဝင်လူငယ်တစ်ဦးက ပြောသည်။ (RFA 280311) Read More...
- ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင် ဖွံ့ဖြိုးရေးကောင်စီကို တရားဝင်ဖျက်သိမ်းလိုက်ကြောင်း ကြေညာသွားသော်လည်း နောက်ကွယ်မှ အာဏာအရပ်ရပ်ကို ဆက်လက်ချုပ်ကိုင်သွားမည်ဟု နိုင်ငံရေးလေ့လာ သုံးသပ်သူများနှင့် ဝါရင့်နိုင်ငံရေးသမားကြီးများက ပြောဆိုလိုက်သည်။ (Irrawaddy 300311) Read More...
- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံမှ မတ်လ ၃၀ ရက်နေ့တွင် အာဏာလွှဲပြောင်းယူခဲ့သည့် အစိုးရသစ် အနေဖြင့် မြန်မာနိုင်ငံတွင် လိုအပ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများဖြစ်လာရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အသင့်ရှိကြောင်း ပြောဆိုလိုက်သည်။ (Mizzima 300311) Read More..., VOA...
- နိုင်ငံရေးအကျဉ်းသား နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် သျှမ်းတိုင်းရင်းသား ခေါင်းဆောင် ဦးခွန်ထွန်းဦးကို ညီညွတ်သော တိုင်းရင်းသား မဟာမိတ်များအဖွဲ့ (UNA) က တိုင်းရင်းသား လူမျိုးများ၏ သူရဲကောင်းဆု (Nationalities Hero

Award) ချီးမြှင့်လိုက်သည်ဟု UNA မဟာမိတ်အဖွဲ့ဝင် ၁၉၉၀ ရွေးကောက်ပွဲ တမူးမြို့နယ် မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ကိုထန်းက ပြော သည်။ (S.H.A.N 300311) Read More...

- သမ္မတသစ် ဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရသစ်က ဒီမိုကရေစီစနစ် စတင်ကူးပြောင်း ကျင့်သုံးတော့မည်ဟု ပြည်သူလူထုသို့ ရုပ်သံမှတဆင့် ပြောဆိုလိုက်ခြင်းနှင့်ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးဝင်းတင်က "ပြောတဲ့အတိုင်း လက်တွေ့ကျင့်သုံးမယ် ဆိုရင်တော့ အကောင်းဆုံးပေါ့ဗျာ၊ ဒါပေမယ့် လုပ်မယ်ဆိုရင်တောင် ဒီ စစ်ဗိုလ် လူထွက်တွေက လုပ်တတ်ပါ့မလားဆိုတာ သံသယ ဖြစ်မိတယ်" ဟု ပြောကြားလိုက်သည်။ (Irrawaddy 310311) Read More...
- လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပတ်သက်၍ တစွန်းတစမျှ သမ္မတဦးသိန်းစိန်က ထည့်သွင်းပြောကြားခြင်း မရှိသော်လည်း "ကျနော့် အတွေ့အကြုံအရဆိုရင် တော်လှန်ရေးကောင်စီတက်တဲ့ ၁၉၆၂ ခုနှစ်မှာ၊ ၁၉၇၄ မဆလ အစိုးရ ဖွဲ့တဲ့အခါ၊ နောက်ပြီးတော့ ၈၈ မှာ နဝတ အစိုးရတက်တယ်။ ၉၇ မှာ နအဖ ဖြစ်တယ်။ အဲဒီလို အပြောင်းအလဲဖြစ်တိုင်းမှာ သူတို့က အထွေထွေလွတ်ငြိမ် ချမ်းသာခွင့် လုပ်လေ့လုပ်ထ ရှိတယ်" ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးအဖွဲ့ဝင် ဦးဝင်းထိန်က ပြောသည်။ (Mizzima 310311) Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD လူငယ်ပညာပေးဟောပြောပွဲများ အပတ်စဉ်ကျင်းပနေရာတွင် မတ်လ ၃၁ ရက်နေ့က ရန်ကုန်တိုင်း ရွှေဂုံတိုင်ရုံးချုပ်တွင် မင်းနိုင်အောင်ကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် ဦးစိန်ဝင်းဟန်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း ပါတီပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 310311) Read More...
- သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုအပြီး ပထမဆုံး မိန့်ခွန်းထဲတွင် ပြုပြင်ပြောင်းလဲရေးနှင့်ဆိုင်သည့် ဥပဒေများပြဋ္ဌာန်းရန်လုပ် ဆောင်သွားမည်ဖြစ်ကြောင်း သမ္မတသစ် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်က ပြောခဲ့သော်လည်း လက်တွေ့လုပ်ဆောင်မှုကို စောင့်ကြည့် ရဦးမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်း က ပြောကြားလိုက်သည်။ (VOA 310311) Read More...
- မြန်မာ့နိုင်ငံရေးပြဿနာများ ပြေလည်၍ တိုင်းပြည်အေးချမ်းသာယာရေးအတွက် နိုင်ငံရေးဆွေးနွေးမှုများ စတင်ရန် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ်ကို ရှစ်ဆယ့်ရှစ်မျိုးဆက်ကျောင်းသားများအဖွဲ့က တောင်းဆိုလိုက်သည်။ (DVB 310311) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ယခုပေါ်ပေါက်လာသည့် အစိုးရသစ်ကို ဓမ္မဓိဋ္ဌာန်ကျကျသာ ရှုမြင် ကြောင်းနှင့် တိုင်းပြည်အတွက် အကောင်းဆုံး ဖြစ်လာစေချင်ကြောင်း ပြောကြားလိုက်သည်။ (DVB 310311) Read More...
- သန့်ရှင်းသောအစိုးရ တရပ်ဖြစ်ပေါ်လာရေးအတွက် မြန်မာအစိုးရ၏ ထိပ်ပိုင်းခေါင်းဆောင်များက ဥပဒေကို ကနဦးလိုက်နာကျင့် သုံးပြမှသာ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရ ဖြစ်လာ နိုင်မည်ဟု ဥပဒေ ပညာရှင် ရှေ့နေ ဦးအောင်သိန်းက ပြောသည်။ (Irrawaddy 010411) Read More...
- ဧပြီ ၁ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်၌ ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) အစည်းအဝေးတွင် သမ္မတပြောဆိုသည့် မိန့်ခွန်းအား လက်တွေ့အကောင်အထည်ဖော်မှုရှိ၊ မရှိကို စောင့်ကြည့်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ၄င်းဆွေးနွေးပွဲသို့ CRPP အတွင်းရေးမှူး ဦးအေးသာအောင်၊ NLD ဒုတိယ ဥက္ကဋ္ဌ ဦးတင်ဦး၊ အဖွဲ့ဝင် ဦးပုကျင့်ရှင်းထန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ခဲ့ကြသည်။ (RFA 010411) Read More..., DVB...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ၏ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး ကွန်ယက်သည် မန္တလေးတိုင်းအတွင်း မြင်းခြံ၊ ကျောက်ပန်းတောင်းနှင့် မန္တလေးမြို့ရှိ နိုင်ငံရေးအကျဉ်းသား ၉ ဦး၏ မိသားစုတစ်စုစီကို ငွေကျပ် ငါးသောင်း စီဖြင့် ဧပြီလ ၂ ရက်နေ့က သွားရောက်ကူညီခဲ့သည်ဟု ကွန်ယက်အဖွဲ့ဝင် ကိုမြင့်မော်က ပြောသည်။ (RFA 020411) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- နအဖစစ်တပ်က နယ်ခြားစောင့်တပ် လက်မခံသည့် အပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင်များ အပေါ် ဖြတ်လေးဖြတ် စစ်ဆင်နေချိန် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ၏ ကြေညာချက်ကို ရမခ စစ်တိုင်ရုံးရှိ စစ်ဦးစီး ပထမတန်း ဗိုလ်မှူးကြီး ထွန်းထွန်းဦးက ပယ်ချခဲ့ကြောင်း ဝ တပ်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 270311) Read More...
- နယ်ခြားစောင့်တပ် ငြင်းဆန်နေသည့် ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ၏ ဖားကန့်ခရိုင် တပ်ရင်း ၆ နယ်မြေမှ ဝန်ထမ်း ၂ ဦး ကို မတ်လ ၂၄ ရက်နေ့တွင် ဒေသခံစစ်တပ်က ဖမ်းဆီးခဲ့ပြီး တလအတွင်း အဖမ်းခံရ သူ KIO ဝန်ထမ်း ၄ ဦး ရှိသည်ဟု KIO တပ်ရင်း ၆ အရာရှိတစ်ဦးက ပြောသည်။ (Mizzima 280311) Read More...
- နအဖစစ်တပ် ခလရ ၁၂၉ စစ်ကြောင်းအား သျှမ်းပြည်တိုးတက်ရေးပါတီ SSPP နှင့် သျှမ်းပြည်တပ်မတော် SSA လက်ဖြောင့်တပ်ဖွဲ့များမှ မတ်လ ၂၅၊ ၂၆၊ ၂၇ ရက်နေ့တွင် ပြောက်ကျားနည်း ဆက်တိုက် တိုက်ခိုက်ခဲ့ရာ နအဖစစ်အစိုးရဘက်မှ အနည်းဆုံး ၄ ဦးကျဆုံး၍ ၄ ယောက် ဒဏ်ရာရခဲ့သည်ဟု လားဟူပြည်သူ့စစ်ခေါင်းဆောင်နှင့်နီးစပ်သည့် ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (S.H.A.N 280311) Read More...
- ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့နယ်ရှိ မဲ့လာအားခီးနှင့် စေဖိုးခီးအကြားတွင် နအဖ ခမရ (၃၅၇) တပ်ရင်း၊ BGF တပ်ရင်း (၁၀၁၆) ပူးပေါင်းတပ်ဖွဲ့နှင့် KNLA တပ်ရင်း (၂၂) တို့ကြား မတ်လ ၂၆ ရက်နေ့တွင် တိုက်ပွဲ ထပ်မံဖြစ်ပွားခဲ့ရာ နအဖမှ ၅ဦးကျဆုံးပြီး ၂ ဦး၊ BGF ၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု KNLA တပ်မဟာ ၇ မှ ပြောသည်။ (KIC 280311) Read More...
- သျှမ်းပြည်တပ်မတော်မှ လက်နက်ချရန် သဘောတူထားသည်ဟု စစ်အစိုးရ၏ ဝါဒဖြန့် သတင်းများနှင့်ပတ်သက်၍ သျှမ်းပြည်တိုးတက်ရေးပါတီမှ မတ်လ ၂၇ ရက်နေ့က ရှင်းလင်းချက် ထုတ်ပြန်လိုက်သကဲ့သို့ ကျဆင်းနေသည့် မြန်မာ့တပ်မတော်၏ သိက္ခာကို ပြန်ဆယ်ရန် ရှေ့တန်းရောက် မြန်မာတပ်မတော်သားများ၊ တပ်မှူးများနှင့် အရပ်သားများထံသို့လည်း အိပ်ဖွင့်ပေးစာတစ်စောင်ကို ပေးပို့လိုက်သည်။ (RFA 280311) Read More...
- အပစ်ရပ် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် စစ်ရေးအရ တိုက်ခိုက်နေသော စစ်အစိုးရကျင့်သုံးနေသည့် လက်ရှိမူဝါဒကို မွန်ပြည်သစ်ပါတီက လက်ခံနိုင်ခြင်းမရှိသလို အစိုးရသစ်နှင့်လည်း သီးခြားတွေ့ဆုံဆွေးနွေးရန်မရှိဟု ပါတီကိုယ်စားလှယ်များက ပြောကြောင်း လွတ်လပ်သော မွန်သတင်းဌာန၏ အယ်ဒီတာ Lawi Weng က ပြောသည်။ (RFA 280311) Read More...
- ကရင်ပြည်နယ် ကော့ကရိတ်မြို့အဝင် စစ်ဆေးရေးဂိတ်ကို မတ်လ ၂၉ ရက်နေ့မွန်းလွဲပိုင်းက တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် (DKBA) တပ်မဟာ ၅ က လက်နက်ကြီးများဖြင့် တိုက်ခိုက်သောကြောင့် ခရီးသွားယာဉ် တန်းရပ်ဆိုင်းမှုဖြစ်ပွားခဲ့သည်ဟု ကုန်သည်များက ပြောသည်။ (Irrawaddy 290311) Read More...
- ရှမ်းပြည်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့နယ်ရှိ ပလောင်ရွာများဖြစ်သည့် မန်လောင်နှင့် မန်ငိုင်ကြားတွင် နအဖ စစ်တပ်နှင့် အင်အား ၇၀ ရှိသည့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)တို့အကြား မတ်လ ၂၈ ရက်နေ့က တိုက်ပွဲငယ်များ ဖြစ်ပွားခဲ့သည်ဟု ဒေသခံများက ပြောသည်။ (Palaungwomen 290311) Read More...
- ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်ရှိ နအဖစစ်တပ် အရှေ့တောင်တိုင်းစစ်ဌာနချုပ် (ရတခ) လက်အောက်ခံ ခလရ (၃၁၀)အား မတ်လ ၂၉ ရက်နေ့က (KNLA) တပ်ရင်း (၁၈) နှင့် (DKBA) တပ်မဟာ (၅) ပူးပေါင်းပြီး လက်နက်ကြီးငယ်များဖြင့် ဝင်ရောက်ပစ်ခတ်ခဲ့ရာ အရပ်သားတစ်ဦး အပါအဝင် ၆ဦး ထိခိုက်သေဆုံးခဲ့သည်ဟု KNLA တပ်မှူးတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။ (KIC 300311) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် နအဖစစ်အစိုးရတို့ ၂၈ ရက်နေ့က မိုင်းကောင်ဝ်မြို့နယ်ခွဲ တောင်ဘက် ၇ မိုင်အကွာ လွယ်စန့်ကင့်တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖ တပ်သား ၁၀ ဦးကျဆုံးကာ ၄၀ ဒဏ်ရာ ရခဲ့သောကြောင့် စစ်အစိုးရတပ်ဘက်မှ မျှော်မှန်းထားသော ထိုးစစ်ဆင်တိုက်ခိုက်မှုသည် မလွယ်ကူကြောင်း အမည်မဖော်လိုသည့် အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 300311) Read More...
- မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ လျှပ်စစ်မဟာဓါတ်အားပေး တာဝါတိုင်တတိုင်ကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် KNLA က ဖေါက်ခွဲခဲ့သည်ဟု မော်လမြိုင် လျှပ်စစ်ဌာန၏ စွပ်စွဲချက်ကို KNLA တပ်ရင်း ၁၀၁ မှ ဒုဗိုလ်မှူးကြီး တီးဖောဒိုက ငြင်းဆိုလိုက်သည်။ (IMNA 300311) Read More...

- ခိုနူမ်းထုန်သတင်း၌နမှ မတ်လ ၂၄ ရက်နေ့တွင်ထုတ်လွှင့်ခဲ့သော ရခိုင်လက်နက်ကိုင်တစ်စုက ခရစ်ယာန်ဓမ္မဆရာတစ်ဦးအား ပြန်ပေးဆွဲခဲ့သည်ဆိုသော သတင်းသည် မမှန်မကန်လုပ်ကြံသည့် သတင်းဖြစ်ကြောင်း ရခိုင်ပြည်လွှတ်မြောက်ရေး ပါတီ (ALP)မှ မတ်လ ၂၉ ရက်နေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ (Khonumthung 300311) Read More...
- မတ်လအတွင်း ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) အရပ်ဖက်အုပ်ချုပ်ရေးပိုင်းမှ အရာရှိ ၃ ဦးကို မတ်လ ၂၄ ရက်၊ မွန်းလွဲ ၁ နာရီခွဲတွင် မြန်မာစစ်တပ် ခလရ (၇၄)က ဖမ်းဆီးသွားပြီး ရဲစခန်းသို့မပို့မီ အုပ်ချုပ်ရေးအရာရှိ၂ဦးကို စစ်ဗျူဟာ စခန်းတွင် ပြင်းပြင်းထန်ထန် ရိုက်နှက်ညှင်းပမ်းခြင်းများ ပြုလုပ်ခဲ့သည်ဟု KIA တပ်ရင်း ၆ က ပြောသည်။ (KNG 300311) Read More...
- ကချင်ပြည်နယ်ဝန်ကြီးချုပ် ဖြစ်လာသူ ဦးလဂျွန်ငန်ဆိုင်း အနေဖြင့် ကချင်ပြည်နယ်တွင်းရှိ ဂျိန်းဖော့၊ ရဝမ်၊ လီဆူ၊ လချိတ်၊ လော်ဝေါ်၊ ဇိုင်ဝါး ကချင်လူမျိုးစု (၆) မျိုးအကြား စုစည်းညီညွတ်ရေးကို ဦးစားပေး လုပ်ဆောင်သင့်သည်ဟု KIO နိုင်ငံခြားရေး တာဝန်ခံ ဂျိမ်းလွမ်းဒေါ်က ပြောဆိုလိုက်သည်။ (KNG 300311) Read More...
- နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သော နအဖ စစ်အစိုးရသည် ကရင်နီပြည်နယ်တွင် သံလွင်မြစ် ကူးတံတား တစ်စင်းမျှ မဆောက် ပေးခဲ့ကြောင်း၊ အစိုးရသစ် လက်ထက်တွင်လည်း ဆောက်ပေးမည်မဟုတ်ကြောင်း ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ KNPP မှ ဒု–စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် အောင်မြတ်က ပြောသည်။ (KT 310311) Read More...
- မြန်မာစစ်အစိုးရ၏ မတ်လ (၃၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကရင်အမျိုးသား အစည်းအရုံး (KNU) ထောင်ထားသည့် မိုင်းတစ်လုံး တိုက်မိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိခဲ့သည်ဟု စွပ်စွဲရေးသားဖော်ပြမှုသည် မဟုတ်မှန်ကြောင်း (KNU) တွဲဘက်အတွင်းရေးမှူး ဗိုလ်မှူး စောလှငွေက ငြင်းဆိုလိုက်သည်။ (Kaowao 310311) Read More...
- ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ကို စစ်အစိုးရတပ်များ ထိုးစစ်ဆင်နေချိန်တွင် စစ်ရေးအရ တနည်းတဖုံ အကူအညီ ပေးနိုင်ရန်အတွက် မွန်ပြည်သစ်ပါတီက နည်းလမ်းရှာလျက်ရှိကြောင်း အမည်မဖော်လိုသည့် မွန်ပြည်သစ်ပါတီ ဗဟို အလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးက ပြောသည်။ (IMNA 010411) Read More...
- မွန်ပြည်သစ်ပါတီ၏ ၆ လပတ် အစည်းအဝေးကို မတ်လ ၃၀ ရက်နေ့မှ စ၍ ယနေ့အထိ ကျင်းပရာတွင် ပါတီ၏ ၆လ အတွင်း လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ပြီး တိုင်းရင်းသား လက်နက်ကိုင် တပ်ပေါင်းစုအနေနှင့် လှုပ်ရှား အကောင် အထည်ဖေါ်နိုင်မည့် နည်းလမ်းများကိုလည်း ဆွေးနွေးမည်ဖြစ်ကြောင်း ဗဟိုကော်မတီဝင် နိုင်ဟံသာဗွန်ခိုင်က ပြောသည်။ (IMNA 010411) Read More...
- အစိုးရသစ် ဖွဲ့စည်းလိုက်သည့်အပေါ် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အဖွဲ့နှင့် ဗိုလ်ချုပ် မှူးကြီး သန်းရွှေတို့ နိုင်ငံတော်ဦးသျှောင်အဖွဲ့သည် ရေရှည်တွင်ထိပ်တိုက်တွေ့နိုင်ကြောင်း ညီညွတ်သော တိုင်းရင်းသားလူမျိုး များ ဖယ်ဒရယ်ကောင်စီ အတွင်းရေးမှူး (၁) ဦးရွှေမျိုးသန့်က ပြောသည်။ (Kaowao 010411) Read More...
- မွန်–ကရင်နယ်စပ် ဘုရားသုံးဆူမြို့နယ်တွင် သွားလာလှုပ်ရှားနေသည့် နအဖစစ်တပ်အား ပြီးခဲ့သည့်ရက်ပိုင်းက KNU တပ်မဟာ (၆)တပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ နအဖဘက်မှ ဗိုလ်ကြီး ၁ ဦး သေဆုံးပြီး တပ်သား ၃ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်ဟု KNU တပ်မဟာ (၆) လက်အောက်ခံ KNLA တပ်ရင်း (၁၆) မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။ (KIC 010411) Read More...

## ပြည်ပအင်အားစုများ

- မြန်မာနိုင်ငံတွင် တပ်မတော်နှင့် ဒီမိုကရေစီအင်အားစုများအကြား နားလည်မှု လွဲမှားနေခြင်းကို ပြေလည်မှုရအောင် တွေ့ဆုံဆွေးနွေးရန် လိုအပ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်အပေါ် ပြည်ပရောက် မြန်မာ့ဒီမိုကရေစီ ရေးလှုပ်ရှားသူများက တခဲနက် ထောက်ခံ ကြိုဆိုလိုက်ကြသည်။ (RFA 280311) Read More...
- မြန်မာ့ဒီမိုကရေစီရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်နိုင်ရန်အတွက် ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြည်ပ အခြေစိုက် မြန်မာ့အမျိုးသမီးသမဂ္ဂ အထွေထွေအတွင်းရေးမှူး မတင်တင်နွယ်က ပြောကြားလိုက်သည်။ (DVB 290311) Read More...
- အစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် အသစ်နှင့်အတူ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲ ရေးဝန်ကြီးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့ တပြိုက်နက် ပေါ်ထွက်လာသော ရှေ့နောက် မညီညွတ်သည့် ဖြစ်စဉ်များသည်

သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ်တို့၏ နောက်ကွယ်တွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆက်လက်အာဏာချုပ်ကိုင်ထားသောကြောင့် ဖြစ်သည်ဟု ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစုမှ သုတေသနမှူး ဦးဌေးအောင်က သုံးသပ်ပြောဆိုလိုက်သည်။ (BBC 300311) Read More...

- ထိုင်း–မြန်မာ နယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုများ စုပေါင်းဖွဲ့စည်းထားသည့် FDB ခေါ် မြန်မာနိုင်ငံဒီမိုကရက်တစ် အင်အားစုအဖွဲ့က ပါတီစုံအရေခြုံ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် ဗိုလ်ချုပ်ကြီးဟောင်း ဦးသိန်းစိန်ဦးဆောင်သော အစိုးရသစ်ကို အသိအမှတ် မပြုနိုင်ကြောင်း ဧပြီလ ၂ ရက်နေ့တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (RFA 020411) Read More...
- မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် တရုတ်အစိုးရတွင်း နံပါတ် ၄ အဆင့်ရှိ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ CPPCC အမျိုးသားကော်မတီ ဥက္ကဋ္ဌ ဖြစ်သည့် မစ္စတာ ကျားချင်လင်း၏ ခရီးစဉ်သည် မြန်မာအစိုးရသစ်၏ အနေအထားနှင့် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ နိုင်ငံရေး ရေးစီကြောင်းအပေါ် ဩဇာသက်ရောက်မှု အနေအထားများကို အကဲခတ်ရန်ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (NLD-LA) နိုင်ငံခြားရေးရာ တာဝန်ခံ ဦးညိုအုန်းမြင့်က သုံးသပ်ပြောဆိုလိုက်သည်။ (VOA 020411) Read More...

## နိုင်ငံရေးပါတီများ

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သည့် ဗိုလ်ချုပ်ဟောင်း ဦးဌေးဦးက လက်ရှိဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးဟောင်း သမ္မတသစ် ဦးသိန်းစိန်အစိုးရအဖွဲ့ကို အာဏာလွဲပေးတော့မည့် နအဖ ကောင်စီကို အထူးကျေးဇူးတင်ရှိသည့်အကြောင်း မတ်လ ၂၉ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (DVB 290311) Read More...
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အမတ် ဇေကမ္ဘာ ကုမ္ပဏီပိုင်ရှင် ဦးခင်ရွှေက ပြည်ထောင်စုလွှတ်တော်အမတ်များအတွက် ဒုတိယအကြိမ်မြောက် ညှိခံပွဲကို နေပြည်တော် Mount Pleasant ကြယ်ငါးပွင့်အဆင့် ဟိုတယ်တွင် မတ်လ ၂၉ ရက်နေ့ညက ကျင်းပပေးခဲ့ရာ အမျိုးသမီး အဆိုကျော် ၇ ဦးက သီချင်းများဖြင့် ဖျော်ဖြေခဲ့သည်။ (Mizzima 300311) Read More...

## အခြားပါတီများ

- ၂၀၁၀ ရွေးကောက်ပွဲ အရ ဖြစ်ပေါ်လာသော မွန်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ မွန်ပြည်နယ်လွှတ်တော်၌ မတ်လ ၃၀ ရက်နေ့တွင် ကျမ်းကျိန်ကတိသစ္စာပြုခဲ့ကြသော်လည်း ပြည်နယ်မှပြည်သူများအကျိုးအတွက် အကောင်းဖက် (သို့) အဆိုးဖက်ကိုဦးတည်မလားဆိုခြင်းကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဝင်တစ်ဦးက ပြောသည်။ (Kaowao 300311) Read More...
- သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသစ် လက်ထက်တွင် တိုင်းပြည်၏ ပြဿနာများကို စစ်ရေးထက် နိုင်ငံရေးနည်းနှင့် ဖြေရှင်းသင့်သည်ဟု ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP ကပြောကြားလိုက်သည်။ (NMG 310311) Read More...
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ အနေနှင့် ပြည်နယ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် သုံးဦးအရွေးချယ်ခံရသော်လည်း အာဏာရပါတီမဟုတ်သည့်အတွက် လုပ်ငန်းဖေါ်ဆောင်ရာတွင် အားရစရာမရှိဟု ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (Kaowao 310311) Read More...
- သျှမ်းပြည် (အရှေ့ပိုင်း)ရှိ လျောင်တေးသင့်ပြည်သူများကို ကူညီရန်အတွက် သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် သျှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ SNDP က မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၇ ရက်နေ့အထိ အလှူငွေကောက်ခံမည်ဖြစ်ကာ ယနေ့အထိ ကျပ် ၁၀ သိန်းဝန်းကျင် ရရှိထားကြောင်း ၄င်း ငွေများကို လျောင်တေးသင့်ဒေသရှိ တာချီလိတ်မြို့နယ် SNDP ပါတီသို့ ဘဏ်မှလွဲပြောင်း ပေးအပ်မည်ဖြစ်ကြောင်း နမ့်ခမ်းမြို့နယ် ကျားဖြူပါတီ အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 010411) Read More...

- အမျိုးသား ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတ၏ ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်ရှိကြောင်း၊ အရေးပေါ်ကာလများတွင် အရေးပေါ်အခြေအနေကြေညာနိုင်ခွင့်ရှိသောကြောင့် ၄င်း၏ အခန်း ကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း သင်္ကန်းကျွန်းမြို့နယ်မှ ရွေးကောက်ခံအမတ် ဦးသိန်းညွန့်က ပြောသည်။ (BBC 010411) Read More...

## ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- တက္ကသိုလ်ကျောင်းသားများ စာမေးပွဲ ဖြေဆိုနေစဉ် မတ်လ ၂၅ ရက်နေ့မှ ယနေ့တိုင် လျှပ်စစ်မီး ပြတ်တောက်နေခြင်း ကြောင့် တက္ကသိုလ်ကျောင်းသားများနှင့် သံဃာတော်များ ဆူပူဆန္ဒပြလာမည်ကို အာဏာပိုင်များ အထူးစိုးရိမ်နေ သည်ဟု မော်လမြိုင်မြို့ခံများက ပြောသည်။ (IMNA 300311) Read More...
- အနုပညာနယ်ပယ်တွင် ချမှတ်ထားသည့် တင်းကျပ်ဆင်ဆာမူဝါဒများကို လျှော့ပေါ့ပြောင်းလဲ ပေးရန် အစိုးရသစ်အား ရုပ်ရှင်လောကသားများက တောင်းဆိုလိုက်သည်။ (DVB 310311) Read More...

## မီဒီယာအခန်းကဏ္ဍ

- ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ ငလျင်ဒဏ်အများဆုံး ခံခဲ့ရသည့် တာလေနှင့်မိုင်းလင်းကျေးရွာများတွင် အပျက်အစီးသတင်း များ သွားယူကြသည့် ပြည်တွင်းသတင်းထောက်များကို အာဏာပိုင်များက စစ်ဆေးမေးမြန်းမှုများ ရှိခဲ့ပြီး အချို့ကို ဓါတ်ပုံ ရိုက်ခွင့် မပြုဘဲ အစိုးရသတင်းစာများအတိုင်းသာ ရေးသားဖော်ပြခွင့် ပြုနေသည်ဟု သတင်းထောက်တစ်ဦးက ပြော သည်။ (VOA 290311) Read More...

## ဘာသာရေးအဖွဲ့အစည်းများ

- သံဃာ့ တပ်ပေါင်းစု ကိုယ်စားလှယ် ရဟန်းတော်များဖြစ်ကြသည့် ဂျာမနီနိုင်ငံအခြေစိုက် အရှင်သောပါကနှင့် ဆွစ်ဇာလန် နိုင်ငံအခြေစိုက် အရှင် ကောဝိဒတို့သည် မတ်လ ၂၉ ရက်နေ့က Hague (ဟိတ်) မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးရုံးတွင် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအရာရှိကြီးများနှင့် မြန်မာ့အရေးကိစ္စများ တစ်နာရီခွဲကြာ ဆွေးနွေးခဲ့ကြသည်။ (RFA 290311) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

## (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံမှ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ဖော်ပြထားသည့်ဆုံးဖြတ်ချက်မူကြမ်းကို အစိုးရသစ်လက်ထက် လူ့အခွင့်အရေးကောင်စီက မတ်လ ၂၆ ရက်နေ့တွင် အတည်ပြုလိုက်သည်။ (RFA 270311) Read More...
- အင်အား ၆.၈ မဂ္ဂနီကျူရှိသည့် ငလျင်ဘေးဒဏ် ခံခဲ့ရသော အဖွဲ့ဝင်မြန်မာနိုင်ငံကို အရှေ့တောင်အာရှနိုင်ငံများ အသင်း (အာဆီယံ) က ကူညီရန် အဆင်သင့်ရှိပါသည်ဟု အာဆီယံအတွင်းရေးမှူး ဆူရင် ပစ်ဆူဝန်က မြန်မာကိုယ်စားလှယ် ဦးဉာဏ်လင်းကို ပြောဆိုလိုက်သည်။ (VOA 280311) Read More...
- စစ်အစိုးရ၏ အရပ်ဘက် အစိုးရသို့ အာဏာလွှဲပြောင်းမှုသည် မြန်မာနိုင်ငံတွင် အပြောင်းအလဲများ စတင်နိုင်သည့် အခွင့်အလမ်းအဖြစ် ဆုပ်ကိုင်ရန် လိုအပ်ကြောင်း၊ အများလက်ခံနိုင်သည့်စနစ်တရပ်အဖြစ် ပြုပြင်ပြောင်းလဲ ဆောင်ရွက် သွားရန်လိုအပ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏တိုက်တွန်းပြောကြားချက်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး ပြောခွင့်ရပုဂ္ဂိုလ် ဖာဟန် ဟာ့က် (Farhan Haq) က ပြောသည်။ (VOA 300311) Read More...

- မြန်မာအမတ်များကို အာဆီယံလွှတ်တော်တွင် အဖွဲ့ဝင်အဖြစ်လက်ခံရန် အဆင့်လိုက်သွားရမည့် အခက်အခဲများရှိနေကြောင်း မြန်မာ့အရေးဆောင်ရွက်နေသည့် အာဆီယံလွှတ်တော် အမတ်များအဖွဲ့ AIPMC ဥက္ကဋ္ဌ Kraisak Choonhavan က ပြောသည်။ (RFA 310311) Read More...
- မြန်မာအစိုးရသစ်သည် အရပ်သားစစ်စစ်ဖြစ်၍ နှစ်ပေါင်း ၅၀ နီးပါး တိုင်းပြည်အာဏာကိုယူခဲ့သည့် စစ်အုပ်ချုပ်ရေးစနစ်သည် တစ်စခန်းရပ်သွားပြီဆိုခြင်းကို သက်သေပြရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက မြန်မာစစ်ဗိုလ်ချုပ် ကြီးများကို မတ်လ ၃၀ ရက်နေ့က ကြေညာချက်တစ်စောင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 310311) Read More...
- မေလ ၅ ရက်နေ့ တွင် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ပထမဆုံးအကြိမ်ကျင်းပမည့် အာဆီယံ–ဥရောပ စီးပွားရေး ညီလာခံတွင် မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ရန် ဥရောပသမဂ္ဂ EU က လုပ်ငန်းသဘောအရ ခွင့်ပြုမည်ဟု အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် အာဆီယံဆိုင်ရာ EU သံအမတ်ကြီး Julian Wilson က ပြောသည်။ (RFA 020411) Read More...

## (ခ) အစိုးရများ

- မြောက်ကိုရီးယား အပါအဝင် မြန်မာ့အိမ်နီးချင်းနိုင်ငံများက သမ္မတ ဦးသိန်းစိန်နှင့် ဒုသမ္မတများထံ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်က မတ်လ ၂၉ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် ဖတ်ကြားမှတ်တမ်းတင်ခဲ့ကြောင်း လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 290311) Read More...
- မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများ၏ စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုရုတ်သိမ်းရေးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီ ၁၀ ခုမှ ကိုယ်စားလှယ်များနှင့် ရန်ကုန်မြို့ အမေရိကန်ယာယီသံရုံးတာဝန်ခံတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း စစ်အစိုးရ၏စစ်မှန်သည့် နိုင်ငံရေးပြောင်းလဲမှုများ မတွေ့ရမချင်း ပိတ်ဆို့ဒဏ်ခတ်မှုများ ဆက်လက်ထားရှိမည်ဟု အမေရိကန်နိုင်ငံခြားရေးဌာနက ပြောသည်။ (VOA/BBC 280311) Read More...
- ထိုင်း–မြန်မာ နယ်စပ်တွင်ရှိသည့် မြန်မာဒုက္ခသည်များအရေး အပါအဝင် နယ်စပ်အခြေအနေများကို သိရှိ နိုင်ရန်အတွက် ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Ms Ksistie Kenney သည် မဲဆောက်ရှိ မယ်တော်ဆေးခန်းသို့ မတ်လ ၃၀ ရက်နေ့တွင် လာရောက်လာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ အမျိုးသမီးရေးရာလုပ်ရှားနေသည့် အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်ဟု မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပညာရေးကော်မတီ (BMWEC) ဥက္ကဋ္ဌ နော်ဖောရေက ပြောသည်။ (Irrawaddy 300311) Read More..., KIC...
- မြန်မာနိုင်ငံတွင် အရပ်ဘက် အစိုးရသစ်ကို နအဖစစ်ကောင်စီမှ တရားဝင်အာဏာလွှဲပြောင်းလိုက်သော်လည်း ယူနီဖောင်းချွတ် ဗိုလ်ချုပ်ဟောင်းများကသာ ဆက်၍အရေးကြီးသည့် နေရာများကိုယူထားသဖြင့် ကြီးမားသောအပြောင်းအလဲမဟုတ်ဟု အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရသူ မာ့ခ် တိုနာ (Mark Toner) က ပြောသည်။ (VOA 300311) Read More...
- အမေရိကန် အထက်လွှတ်တော်အမတ် ၄ ယောက်က ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့အရေးယူရေး ရပ်တည်ချက် စာတမ်းကို ထောက်ခံတဲ့အကြောင်း ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ (VOA 310311) Read More...
- မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပပေး၍ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးခဲ့သော်လည်း လူ့အခွင့်အရေး အခြေအနေများ သိသိသာသာ တိုးတက်လာခြင်းမရှိကြောင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၀ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။ (VOA 310311) Read More...
- မြန်မာစစ်အစိုးရအပေါ် ပြင်းပြင်းထန်ထန်ပြောဆိုဝေဖန်ခြင်းမရှိသည့် ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် (Angela Merkel) က နိုင်ငံရေး အကျဉ်းသားများကို လွှတ်ပေးရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို တရားဝင်ရပ်တည်ခွင့်ပေးရန် ယခုတက်လာသည့် မြန်မာအစိုးရသစ်ကို တိုက်တွန်းတောင်းဆိုလိုက်သည်။ (VOA 310311) Read More...
- တရုတ်အစိုးရတွင်း နံပါတ် ၄ အဆင့်ရှိ သည့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံအဖွဲ့ CPPCC အမျိုးသားကော်မတီ ဥက္ကဋ္ဌဖြစ်သည့် မစ္စတာ ကျားချင်လင်းသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးဟောင်း သူရဦးရွှေမန်း၏

ဖိတ်ကြားချက်အရ အစိုးရသစ်တက်ပြီး ၃ ရက်အကြာတွင် နှစ်နိုင်ငံသဘောတူ စာချုပ်များချုပ်ဆိုရန်အတွက် လာရောက်မည်ဟု မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ် လီ ဂျွန်ဟွာကို ကိုးကားပြီး ရှင်ဟွာသတင်းတွင် ဖော်ပြထားသည်။ (BBC 020411) Read More...

- အမေရိကန်ပြည်ထောင်စုအနေဖြင့် မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပိုမိုထိရောက်ရန်အတွက် အသစ်ခန့်အပ်မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်က ပိတ်ဆို့အရေးယူမှု လူစားရင်းနှင့် အဖွဲ့အစည်းစာရင်းများကို အသစ်ပြန်လည် မွမ်းမံသွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။ (VOA 020411) Read More...
- သမ္မတဦးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာအစိုးရသစ်အနေဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး ပေါ်ပေါက်လာအောင် လုပ်ဆောင်သွားရန် ထပ်မံတိုက်တွန်းကြောင်း ဂျပန် နိုင်ငံခြားရေးဝန်ကြီး တာကေးရှိ–မာဆုမို့တိုက ဧပြီလ ၁ ရက်နေ့က ကြေညာချက် ထုတ်ပြန် တောင်းဆိုလိုက်သည်။ (RFA 020411) Read More...

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ၂၀၁၀ ခုနှစ်က သင်္ကြန်ပုံးပေါက်ကွဲမှုတွင် ဖောက်ခွဲရေးသမားအဖြစ် ဖမ်းဆီး၊ စွဲဆိုခံနေရသည့် ကိုဖြိုးဝေအောင်၏အမှုကို စစ်ဆေးရာတွင် ခိုင်လုံမှုမရှိသော ဒုရဲမှူး ဦးဝင်းမောင်၏ သက်သေခံချက်များအပါအဝင် တရားရုံးသည် ဥပဒေနှင့် ညီညွတ်မှု မရှိကြောင်း အာရှလူ့အခွင့်အရေးကော်မရှင်က မတ်လ ၃၀ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန် ဆဖန်လိုက်သည်။ (RFA 300311) Read More...
- လက်ရှိအစိုးရသစ်နှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် တိုင်းရင်းသားလူမျိုးစုများ၏ အခြေခံ လူ့အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်သကဲ့သို့ တိုင်းပြည် ပြဿနာများကိုလည်း ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ Burma Campaign UK က အနှစ်ချုပ် စာတမ်းတစ်စောင်ကို မတ်လ ၃၁ ရက်နေ့တွင် ထုတ်ပြန်လိုက်သည်။ (RFA 310311) Read More...

---

*End of report/ Saturday, April 02, 2011*

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---